ဇွန် (၂၈)

## ဘုရားရှင်က ကုသပျောက်ကင်းစေရန်အတွက် ယုံကြည်ခြင်းကို သူ၏နှုတ်ကပတ်တော်ဆိုင်ရာ ကတိတော်များ၌ တွေ့ရှိနိုင်သည်။

**မကြာ**ခဏဆိုသကဲ့သို့ပင် ယုံကြည်ခြင်းကင်းမဲ့မှုက မသိမိုက်မဲမှုကြောင့် ဖြစ်နေသည်။ သင့်ကို ဘုရားရှင်က ပျောက်ကင်းအောင် ပြုရန်အတွက် သင်၌ယုံကြည်ခြင်း ချို့တဲ့နေလျှင် ယင်းကသင်၌ ဘုရားရှင်၏ နှုတ်ကပတ်တော်ဆိုင်ရာ ယုံကြည်ခြင်းနှင့် ဗဟုသုတနောက်ခံ အလုံအလောက် မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ သို့သော်လည်း ထောက်ပံ့မှုက သင့်အတွက်ရှိနေသည်။ သမ္မာကျမ်းစာ တလျှောက်လုံး မိမိတို့၏ အနာရောဂါ ပျောက်ကင်းခြင်းနှင့်ဆိုင်သော ကတိတော်ပေါင်းများစွာကို ပေးခဲ့သည်။ သမ္မာကျမ်းစာကလည်း မိမိတို့တစ်ဦးစီတိုင်း၏ ကိုယ်ပိုင်သီးသန့် နှုတ်ကပတ်တော် မဟုတ်ပါလား။

သင့်အနေနှင့် "ဆရာဝန်ကိုတော့ ယုံပါတယ်။ ဒါပေမဲ့ သူရဲ့ညွှန်ကြားချက်တွေကိုတော့ မလိုက်နာချင်ဘူး" ဟုသင်ပြော၍မရ။ သင်ယုံကြည်ထားရာ မည်သည့်အရာကိုမဆို သင်အနေနှင့် အဆုံးတိုင်လိုက်လျှောက်လိုက်နာပြီး နာခံရမည်သာဖြစ်သည်။ ထိုယုံကြည်ရာ ဘုရားသခင်ဖြစ်လျှင် သူညွှန်ကြားသည့် ဝိညာဉ်ဆေးပြားများကို ရယူခါ ကုသမှုကို ညွှန်ကြားသည့်အတိုင်း ခံယူရမည်သာဖြစ်သည်။ သင်သည် ယုံကြည်ခြင်းအားဖြင့် သူ၏ကတိတော်များကို တောင်းခံလိမ့်မည်။

"ငါသည် သင့်တို့၏ရောဂါကို ငြိမ်းစေသောထာဝရဘုရားဖြစ်သည်။"
(ထွက် ၁၅:၂၆)
"ဖြောင့်မတ်သောသူသည် များစွာသောဒုက္ခဆင်းရဲကို ခံရသော်လည်း
ထာဝရဘုရားသည် ခပ်သိမ်းသောဒုက္ခဆင်းရဲထဲက ကယ်လွှတ်တော်မူ၏"
(ဆာလံ ၃၄:၁၉)
"နှုတ်ကပတ်တော်ကို လွှတ်သဖြင့်သူတို့ အနာငြိမ်းစေ၍ ...." (ဆာလံ ၁၀၇:၂၀)
"ငါထာဝရဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့ကို အစိုးရသောဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သောအရာ တစ်စုံတစ်ရာရှိ လိမ့်မည်လော" (ယေ ၃၂:၂၇)
"ငါ၏နာမတော်ကို ကြောက်ရွံ့သောသင့်တို့၌ကား တရားတော်နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်း တော်မူမည်" (မာလခိ ၄:၂)
"ယေရှုခရစ်သည် သင့်အားချမ်းသာပေးတော်မူ၏" (တမန်တော် ၉:၃၃)